
**CHINA MATTERS**

အလေးထားရမည့် ဒေတာအချက်အလက်များ **အမှတ်-၄**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ ၇၃ ရာခိုင်နှုန်းကျော်မှာ တရုတ်ဖြစ်လာ


| အာဏာမသိမ်းမီ<br>၂၀၂၀-၂၀၂၁ ခုနှစ်<br>(ဖေဖော်ဝါရီလမှ ဇန်နဝါရီလအထိ) | အာဏာသိမ်းပြီးနောက်<br>၂၀၂၁-၂၀၂၂ ခုနှစ်<br>(ဖေဖော်ဝါရီလမှ ဇန်နဝါရီလအထိ) |
| --- | --- |




စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအနက် ၇၃ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံမှဖြစ်သည်။ ကျန် ၂၇ ရာခိုင်နှုန်းမှာ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား အစရှိသောနိုင်ငံများမှဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတန်ဖိုး **အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂ ဘီလီယံကျော်*** ဝင်ရောက်ခဲ့သည်။ အာဏာမသိမ်းခင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ တနှစ်တာကာလကို အခြေပြု၍ နှိုင်းယှဉ်ပါက (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော်အနက်**) ၁၁ ရာခိုင်နှုန်းသာ တရုတ်ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။ ထို့ကြောင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ယခင် ကာလတူထက် ခြောက်ဆနီးပါး တက်လာခဲ့သည်။

* ISP-Myanmar ကပြုစုသောစာရင်း၌ ဖြိတ်သျှုဖားဂျင်းကျွန်းစုတွင် မှတ်ပုံတင်ထားသော တရုတ်ကုမ္ပဏီများ၏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန် မီးလင်းချိုင်စီမံကိန်းကို တရုတ်ရင်းနှီးမြှုပ်နှံမှုအဖြစ် ထည့်သွင်းတွက်ချက်ထားပါသည်။

## ■ တရုတ်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော် တက်လာ




ကိုဗစ်ရောဂါပထမလှိုင်း ကြုံတွေ့ခဲ့ရသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကထက် အာဏာသိမ်းမှုဖြစ်ပွားခဲ့သည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တရုတ်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံကျော်** တက်လာခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တရုတ်ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော်** ဝင်ရောက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်မူ **အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံကျော်** ဝင်ရောက်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အာဏာမသိမ်းခင် ရှေ့လေးလ၌ တရုတ်ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ၁၃၉ သန်းကျော်**သာ အတည်ပြုခဲ့သော်လည်း အာဏာသိမ်းပြီးရှစ်လတာကာလတွင် **အမေရိကန်ဒေါ်လာ သန်း ၂,၅၄၀ ကျော်*** အတည်ပြုခဲ့ပါသည်။

မှတ်ချက် - ဘဏ္ဍာနှစ်သတ်မှတ်ချက် အပြောင်းအလဲကို သတိပြုရပါမည်။ နှစ်စဉ် အောက်တိုဘာ ၁ရက်မှ စက်တင်ဘာ ၃၀ရက်အထိကို ဘဏ္ဍာနှစ်အဖြစ် NLD အစိုးရက သတ်မှတ်ခဲ့သော်လည်း စစ်ကောင်စီက ထိုသတ်မှတ်ချက်ကိုပယ်ဖျက်၍ ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်ကို ဘဏ္ဍာနှစ်အဖြစ် ပြန်လည်သတ်မှတ်ခဲ့သည်။

* ISP-Myanmar ကပြုစုသောစာရင်း၌ ငြိတိသျှဗားဂျင်းကျွန်းစုတွင် မှတ်ပုံတင်ထားသော တရုတ်ကုမ္ပဏီများ၏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံတန် မီးလင်းချိုင်စီမံကိန်းကို တရုတ်ရင်းနှီးမြှုပ်နှံမှုအဖြစ် ထည့်သွင်းတွက်ချက်ထားပါသည်။

## ထွက်ခွာ၊ ပိတ်သိမ်း၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၂၅ ခုထက်မနည်းရှိလာ

| စဉ် | ကုမ္ပဏီ / တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ | အကြောင်းအရင်း |
|---|---|---|---|---|---|
| ၁ | Amata Corporation | အမေရိကန်ဒေါ်လာ ၁ ဘီလီယံ | ရပ်နားထား | ထိုင်း | နိုင်ငံရေးအခြေအနေကြောင့် အနောက်နိုင်ငံများမှ စီးပွားရေးပိတ်ဆို့မှုများ ဖြစ်လာနိုင်သည့်အတွက် ရှယ်ယာရှင်များက စိုးရိမ်ကာ ရပ်နားရန် ဆုံးဖြတ်။ |
| ၂ | Électricité de France | အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ | ရပ်နားထား | ပြင်သစ် | အာဏာသိမ်းပြီးနောက်ဖြစ်ပေါ်လာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်သဖြင့် ရပ်နားရန်ဆုံးဖြတ်။ |
| ၃ | Sembcorp | အမေရိကန်ဒေါ်လာ သန်း ၂၃၀ | ရပ်နားထား | စင်ကာပူ | အကြောင်းအရင်း ထုတ်ပြန်ထားခြင်းမရှိ။ |
| ၄ | Toyota | အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆သန်း | ရပ်နားထား | ဂျပန် | ဝန်ထမ်းများ၏ လုံခြုံရေးအခြေအနေနှင့် မတည်ငြိမ်သော နိုင်ငံရေးအခြေအနေများကြောင့်။ |
| ၅ | Telenor | အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်ကို ၁၀၅ သန်းဖြင့်ရောင်းချ | ရောင်းချ | နော်ဝေ | သုံးစွဲသူများ၏ ကိုယ်ရေးအချက်အလက်များပေးရန်နှင့် ဖုန်းကြားဖြတ်နားထောင်နိုင်သောစနစ်များ တပ်ဆင်ရန် အမိန့်စာထုတ်ပြန်ပြီးနောက် ရောင်းချရန်ဆုံးဖြတ်။ |
| ၆ | Petronas | - | ပိတ်သိမ်း | မလေးရှား | လုပ်ကွက်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု သိသိသာသာ ကျဆင်းလာသဖြင့် ပိတ်သိမ်း။ |
| ၇ | Hong Kong & Shanghai Hotels | အမေရိကန်ဒေါ်လာ သန်း ၁၃၀ | ရပ်နားထား | ဟောင်ကောင် | မတည်ငြိမ်မှုများကြောင့်။ |
| ၈ | Myanmar Metals | ရှယ်ယာ ၅၁ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြင့် ရောင်းချ | ရောင်းချ / ထွက်ခွာ | ဩစတေးလျ | မတည်ငြိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှု ဆက်လက်ထည့်ဝင်ရန် မတတ်နိုင်သည့်အပြင် ငွေကြေးဆုံးရှုံးမှုများ ဆက်လက်ရှိနေမည်ဟု မှန်းဆမိပြီး ရောင်းချရန် ဆုံးဖြတ်။ |
| ၉ | Woodside | - | ရပ်ဆိုင်း / ဖြုတ်သိမ်း | ဩစတေးလျ | အကြောင်းအရင်း ထုတ်ပြန်ထားခြင်းမရှိ။ |
| ၁၀ | AEON | အမေရိကန်ဒေါ်လာ သန်း ၁၈၀ | ရပ်ဆိုင်း | ဂျပန် | Shopping Mall တည်ဆောက်မည့် အစီအစဉ်ကို ဖျက်သိမ်း။ |
| ၁၁ | Kirin Holdings Co., Ltd. | - | မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် လက်တွဲဖြုတ် | ဂျပန် | လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကြောင့်။ |
| ၁၂ | Lim Kaling | - | မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် လက်တွဲဖြုတ် | စင်ကာပူ | လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကြောင့်။ |

## ထွက်ခွာ၊ ပိတ်သိမ်း၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ၂၅ ခုထက်မနည်းရှိလာ

| စဉ် | ကုမ္ပဏီ / တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ | အကြောင်းအရင်း |
|---|---|---|---|---|---|
| ၁၃ | KOI Bubble Tea Shop | - | ပိတ်သိမ်း | ထိုင်ဝမ် | - |
| ၁၄ | Auntie Anne's | - | ပိတ်သိမ်း | အမေရိကန် | ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေများကြောင့်။ |
| ၁၅ | Bridgestone Corporation | - | ရပ်ဆိုင်း | ဂျပန် | အကြောင်းအရင်းမဖော်ပြ။ |
| ၁၆ | Metro | - | ရပ်ဆိုင်း | ဂျာမနီ | မတည်ငြိမ်သော အခြေအနေများ၌ စီးပွားရေးလုပ်ဆောင်ရခြင်း ခက်ခဲသဖြင့်။ |
| ၁၇ | British American Tobacco Myanmar Ltd. | - | ရပ်ဆိုင်း / ထွက်ခွာ | အင်္ဂလန် | ရေရှည် စီးပွားရေးအရ တွက်ချေမကိုက်သဖြင့် ထွက်ခွာရန်ဆုံးဖြတ်။ |
| ၁၈ | Kempinski Hotel | - | ရပ်နားထား | ဆွစ်ဇာလန် | လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများကြောင့် လုပ်ငန်းဆက်လက်လည်ပတ်ရန် အခြေအနေ မပေးသဖြင့်။ |
| ၁၉ | Adani Groups | အမေရိကန်ဒေါ်လာ သန်း ၂၉၀ ကျော် | ရပ်ဆိုင်း / ထွက်ခွာ | အိန္ဒိယ | လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကြောင့်။ |
| ၂၀ | Pandaw River Cruises | - | ပိတ်သိမ်း | စကော့တလန် | နိုင်ငံရေးမတည်ငြိမ်မှုများနှင့် လုံခြုံရေးအခြေအနေများကြောင့်။ |
| ၂၁ | Telenor | Wave Money ရှယ်ယာ ၅၁ ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ ၅၃ သန်းဖြင့် ရိုးမအုပ်စုသို့ ရောင်းချရန် သဘောတူ | ရောင်းချ / ထွက်ခွာ | နော်ဝေ | - |
| ၂၂ | TotalEnergies | - | ရပ်ဆိုင်း / ထွက်ခွာ | ပြင်သစ် | လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကြောင့်။ |
| ၂၃ | Chevron | - | ရပ်ဆိုင်း / ထွက်ခွာ | အမေရိကန် | လူ့အခွင့်အရေးဆိုင်ရာ ဖိအားများကြောင့်။ |
| ၂၄ | Savoy Hotel | - | ပိတ်သိမ်း | အင်္ဂလန် | - |
| ၂၅ | V Power | - | ရပ်နားထား | ဟောင်ကောင် | - |

မှတ်ချက် - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သောအဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။